မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ကြို့ပင်ကောက်မြို့
ရက်စွဲ၊၂၀၂၄ခုနှစ်၊ဇန်နဝါရီလ (၃ )ရက်

# အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်ကြော်ငြာစာ (၂)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊(၁. ၄. ၂၀၂၄ မှ ၃၁. ၃. ၂၀၂၅ ရက်နေ့အထိ) အတွက် ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ပူးတွဲပါ သားသတ်လိုင်စင်များကို သားသတ်လိုင်စင်များနှင့် ပတ်သက်၍ သီးခြားညွှန်ကြားချက်ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ သက်တမ်းတိုး စနစ်ဖြင့်လည်းကောင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့်လည်းကောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတွင် အောက်ဖော်ပြပါ နေ့ရက်များတွင် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | လိုင်စင်များရောင်းချမည့် အစီအစဉ် | လိုင်စင်များရောင်းချမည့် နေ့ရက်နှင့်အချိန် | လိုင်စင်များလျှောက်လွှာတင်ရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၅. ၁. ၂၀၂၄ (တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၁၂. ၁. ၂၀၂၄ (သောကြာနေ့) ညနေ(၁၆း၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၂. ၁. ၂၀၂၄ ( တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၁၉. ၁. ၂၀၂၄ (သောကြာနေ့) ညနေ(၁၆း၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၂၉. ၁. ၂၀၂၄ (တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၂၆. ၁. ၂၀၂၄ (သောကြာနေ့) ညနေ(၁၆း၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | ၇. ၂. ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ | ၆. ၂. ၂၀၂၄ (အင်္ဂါနေ့) ညနေ(၁၆း၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၄. ၂. ၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ | ၁၃. ၂. ၂၀၂၄ (အင်္ဂါနေ့) ညနေ(၁၆း၀၀)နာရီ | |

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) အသက်(၁၈)ပြည့်ပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) အမှုအခင်းနှင့်ပြဿနာ ကင်းရှင်းသူ ဖြစ်ရမည်။

(ဂ) အခွန်ကြွေးကျန်ကင်းရှင်းသူဖြစ်ရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ-

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက် နာမည်ပျက်စာရင်းဝင်သူများနှင့်၎င်းတို့၏မိသားစုဝင်များ၊

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ တင်ပြရမည့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသူများ၊

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ ( Special Power)ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင်လာရောက်ဆွဲဝယ်ခြင်းမပြုသူများ။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများကို ပူးတွဲ တင်သွင်းရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အခွန်အခကင်းရှင်းကြောင်း ထောက်ခံချက်၊ လဝကလူဦးရေစာ ရင်းပုံစံ(၆၆/၆)၊စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့်အထောက်အထား၊ငွေထုတ်ယူခွင့်အ မိန့် ၊(ဘဝဏ) သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) အရှုပ်အရှင်း အပေါင်အနှံကင်းရှင်းသည့် သက်ဆိုင်ရာ လိုင်စင်ကြမ်းခင်းဈေး တန်ဘိုးထက် လျှော့နည်းခြင်းမရှိသောမရွှေ့ပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ/အိမ်/ မြေ)နှင့်စပ်လျဉ်း ၍ဥပဒေနှင့်အညီနိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊အိမ်/မြေ/ဂရန် အစရှိ သည့် မူရင်းအထောက်အထားများ၊အလား(၄)ဘက် ဓါတ်ပုံ(၄)ပုံ၊စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏စိ စစ် ထောက်ခံချက်(သို့မဟုတ်)ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ငွေစုစာအုပ်မူရင်း၊စသည့် စာရွက်စာတမ်းအထောက်အထားများ၊

(ဂ) မြို့နယ်ပြင်ပမှဖြစ်ပါက အထက်ဖော်ပြပါ အထောက်အထားများအပြင် သက်ဆိုင်ရာမြို့နယ် စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိ၏ထပ်ဆင့်ထောက်ခံချက်၊

(ဃ) လိုင်စင်တန်ဖိုးကျပ်(၂၀)သိန်း ၊(ကျပ်နှစ်ဆယ်သိန်းတိတိ)ထက်ကျော်လွန်လျှင် အကြေမပေးသွင်း လိုပါက သတ်မှတ်ထားသည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအာမခံအထောက်အထားတင် သွင်း၍-

(၁) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်း ခံရသူဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေ၊မိမိရရှိသောလိုင်စင်(၅ပုံ၀ပုံ)လေလံကြေးငွေ(သို့မဟုတ်) (၂ပုံ ၁ပုံ)လိုင်စင်ကြေးငွေ(တိုင်းဒေသကြီးပြင်ပ)(သို့မဟုတ်)အကြေပေးသွင်းရန် သတ်မှတ် သည့် လိုင်စင်ကြေးငွေများကို၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်(၅-၄-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ပေးသွင်းရမည်။ ကျန်ငွေကို (၈)ရစ်အညီအမျှ ခွဲဝေ၍ ဧပြီလ မှ နိုဝင်ဘာလအတွင်း အရစ်ကျခွဲ၍ ပေးသွင်းရမည်။

(၂) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%)အား လိုင်စင်ဆွဲဝယ်ရရှိသည်နှင့်၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်(၅-၄-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ပေးသွင်းရမည်၊ကျန်(၅၀%)အား ၂၀၂၄ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း လစဉ်သတ်မှတ်ရက်များအတိုင်း(၄)ရစ်ခွဲ၍ ပေးသွင်းရမည်။လေလံ ကြေးအနည်းဆုံးကျပ်(၂၀)သိန်းဖြစ်ပါက၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်( ၅-၄-၂၀၂၄) ရက်နေ့နောက်ဆုံးထား၍ အကြေပေးသွင်းရမည်။

(င) လုံလောက်သော အာမခံတင်သွင်းနိုင်ခြင်းမရှိပါက လေလံကြေးအကြေပေးသွင်းရမည်။ အာမခံလုံလောက်နိုင်မှုမရှိပါက လေလံအား အတည်ပြုမည်မဟုတ်ပါ။

(စ) မည်သည့်ပုဂ္ဂိုလ်၊အသင်းအဖွဲ့၊ဌာနဆိုင်ရာအဖွဲ့အစည်း၊ဝန်ထမ်းများကိုမျှ တိုက်ရိုက် ရောင်းချမည်မဟုတ်ပါ။

(ဆ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူများသည် အဖွဲ့မှသတ်မှတ်ထားသည့် လိုင်စင် ဆွဲဝယ်ခွင့် လျှောက်လွှာ များကို တစ်စုံလျှင်( ၂၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူပြီးအထောက် အထား ပြည့်စုံစွာဖြင့်ဖော်ပြပါသတ်မှတ်ရက်အတိုင်း ရုံးချိန်အတွင်း နောက်ဆုံးထား ၍ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လျှောက်ထား ရမည်။

(ဇ) အရပ်ရပ်အခွင့်အရေးလိုင်စင်မအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေအား လေလံ ပွဲပြီးဆုံးသည့် (၁၀)ရက်ကြာမှပြန်လည်၍ ထုတ်ပေးမည်။

၅။ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းထားသော အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာနှင့် စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များရှိပါက ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအ ဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

ဖုန်းနံပါတ် - ၀၅၃-၅၀၀၂၇

အမှုဆောင်အရာရှိ
(တိုးအောင်လွင် ၊ဦးစီးအရာရှိ)

စာအမှတ်၊ ၀၂၄ / ဃ-၂ / ကပက (၀၀၁)
ရက်စွဲ ၊၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ( ၃ ) ရက်

ဖြန့်ဝေခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး ( မြို့)
လိုင်စင်စီနှင့်လိုင်စင်စီဟောင်းများ၊အခြားစိတ်ပါဝင်စားသူများအားလုံးနှင့် ကြော်ငြာသင်ပုန်းများအားလုံး။

မိတ္တူကို

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ပဲခူးမြို့။
ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့။
မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးဌာန၊ကြို့ပင်ကောက်မြို့။
ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ကြို့ပင်ကောက်မြို့။
ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအားလုံး၊ကြို့ပင်ကောက်မြို့နယ်
ရုံးလက်ခံ
မျှောစာတွဲ

# ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ် / ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း

ဖြိုးပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

| စဉ် | အခွင့်အရေးလုပ်ငန်းလိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ** | | |
| | | | |
| ၁ | အပေါင်ဆိုင် - ၁ | ၂၁၃၀၀၀၀ | ၁၀၆၅၀၀၀ |
| ၂ | အပေါင်ဆိုင် - ၂ | ၂၁၃၀၀၀၀ | ၁၀၆၅၀၀၀ |
| ၃ | အပေါင်ဆိုင် - ၃ | ၂၁၃၀၀၀၀ | ၁၀၆၅၀၀၀ |
| ၄ | အပေါင်ဆိုင် - ၄ | ၂၁၃၀၀၀၀ | ၁၀၆၅၀၀၀ |
| | | | |
| | **ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | |
| | | | |
| ၁ | မြို့မဈေးပုံကျဈေးကောက် | ၁၈၄၈၀၀၀၀ | ၉၂၄၀၀၀၀ |
| ၂ | ယာဉ်ရပ်နားခွန်ကောက် | ၁၂၁၀၀၀၀ | ၆၀၅၀၀၀ |
| ၃ | မြို့မစက်ဘီးအပ်ခကောက် | ၁၂၂၁၀၀၀၀ | ၆၁၀၅၀၀၀ |
| ၄ | နွားပွဲစက်ဘီးအပ်ခကောက် | ၁၇၄၄၀၀၀ | ၈၇၂၀၀၀ |
| ၅ | ရေလောင်းအိမ်သာကောက် | ၄၄၀၀၀၀၀ | ၂၂၀၀၀၀၀ |
| ၆ | နွားပွဲဈေးကောက် | ၁၀၉၅၆၀၀၀၀ | ၅၄၇၈၀၀၀၀ |
| | | | |
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်လိုင်စင်များ** | | |
| ၁ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၁၆၁၀၅၁၀၀၀ | ၈၀၅၂၅၅၀၀ |
| | | | |